**KHRG** ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဇန်နဝါရီလ ၂၄ရက်, ၂၀၂၄ခုနှစ် / KHRG စာအမှတ် - 23-336-I1

# ဒူးသထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ကျိုက်ထိုမြို့နယ်တွင် SAC မှ ရွာသားတစ်ဦးအား ဖမ်းဆီးပြီး ညှဉ်းပမ်းနှိပ်စက်၍သတ်ဖြတ် (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ဒူးသထူ (သထုံ) ခရိုင်၊ ကျိုက်ထိုမြို့နယ်တွင် ဖြစ်ပွားခဲ့သည့်လူ့အခွင့်အရေးချိုးဖောက်မှုကို ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ရက်နေ့တွင် စောအ---သည် ဆိုင်ကယ်ပေါ်တွင်ရှိနေစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားတစ်ဦးစီးနင်းလာသော ဆိုင်ကယ်တစ်စီးနှင့် မတော်တဆညှိ၍ လဲကျသွားသည်။ ထို့နောက် ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၀၇)မှ SAC စစ်သားများသည် စောအ---အား ဖမ်းဆီး၍ အမြောက်တပ် (၃၁၀)တပ်စခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ခမရ (၂၀၇) သည် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့တွင် အခြေစိုက်သည်။ စောအ---သည် ဖမ်းဆီးချုပ်နှောင်ခံရပြီးနောက် ၎င်း၏အိမ်သို့ ဘယ်တော့မှ မပြန်လာနိုင်ခဲ့ပေ။ စောအ---၏ မိသားစုသည် စိုးရိမ်လာ၍ ၎င်းအား ရှာဖွေခဲ့သည်။ နောက်တစ်နေ့တွင် မိခင်ဖြစ်သူသည် သိမ်ဇရပ် ပြည်သူ့ဆေးရုံတွင် စောအ---သေဆုံးနေကြောင်း သိရှိခဲ့ရသည်။ ဆေးရုံသို့လိုက်သွားကြည့်ရာတွင် စောအ---၏ရုပ်အလောင်းမှာ ညိုမဲပြီး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ၎င်း၏မိခင်ဖြစ်သူမှ မြင်တွေ့ခဲ့ရသည်။* [1]

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | ရွာသားတစ်ဦးအား မတရားဖမ်းဆီးပြီး သတ်ဖြတ်ခြင်း |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ** | ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ သိမ်းဇရပ်မြို့ |

[1] ဤအစီရင်ခံစာသည် ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးသထူခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| (ကျေးရွာ၊ မြို့နယ်၊ ခရိုင်) | |
|---|---|

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| အမည် | စောအ--- |
| အသက် | ၂၅ နှစ် |
| ကျား/မ | ကျား |
| လူမျိုး | ကရင်လူမျိုး |
| အိမ်ထောင် ရှိ/မရှိ | အိမ်ထောင်ရှိ |
| အလုပ်အကိုင် | ဈေးရောင်း |
| ကိုးကွယ်သည့် ဘာသာ | ဗုဒ္ဓဘာသာ |
| ရာထူးအဆင့် | ရွာသား |
| နေရပ် ရွာအမည် | ကျိုက်ထိုမြို့နယ်၊ ဆောတုခီးကျေးရွာအုပ်စု၊ ဘ---ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| အမည် | ရာထူး | စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ | အခြေစိုက်သည့်နေရာဒေသ | အထက်အရာရှိအမည် |
| မသိရှိရ | မသိရှိရ | တပ်မ (၄၄) လက်အောက်ခံ ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၀၇) | မသိရှိရ | မသိရှိရ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| KHRG ကွင်းဆင်းလုပ်သားတစ်ဦးသည် ဤဖြစ်စဉ်နှင့်ပတ်သက်သော သတင်းအကြောင်းအရာများကို ဘ---ကျေးရွာ အုပ်ချုပ်ရေးမှူးတစ်ဦးထံမှ သိရှိခဲ့ရသည်။ ထို့နောက် KHRG ကွင်းဆင်းလုပ်သားသည် စောအ---၏အိမ်သို့သွားရောက်၍ ၎င်း၏ဇနီးနှင့်မိခင်တို့အား တွေ့ဆုံပြီး အင်တာဗျူးလုပ်ခဲ့ပါသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းကို မျှဝေပြောပြသောသူသည် စောအ---၏မိခင်ဖြစ်သည်။ သူမသည် စောအ---၏ရုပ်အလောင်းကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပြီး ၎င်းအား မြေမြှုပ်သင်္ဂြိုဟ်ပေးရန် စီစဉ်ပေးခဲ့သူလည်းဖြစ်သည်။ |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ရက်နေ့ မနက် (၇)နာရီဝန်းကျင်တွင် စောအ---သည် ၎င်း၏ဆိုင်မှ ကုန်ပစ္စည်းများပြတ်လပ်နေပြီးဖြစ်၍ ကုန်ပစ္စည်းများဝယ်ယူရန်အတွက် ဆိုင်ကယ်တစ်စီးဖြင့် ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့သို့ သွားခဲ့သည်။ မနက် (၁၁)နာရီခန့်တွင် ဈေးဝယ်ပြီးနောက် စောအ---သည် ကုန်ပစ္စည်းများအား စုဆောင်းကာ ဆိုင်ကယ်ပေါ်တွင်တင်ရန်ပြင်ဆင်နေချိန်တွင် သူ၏ဆိုင်ကယ်သည် အရပ်သားအဝတ်အစားဖြင့် ခရီးသွားလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားတစ်ဦး၏ဆိုင်ကယ်နှင့်ညှိပြီး လဲကျသွားသည်။ ဤကိစ္စကိုဖြေရှင်းပေးရန်အတွက် စောအ---သည် ထို SAC စစ်သား၏ဆိုင်ကယ်ကို ဆိုင်ကယ်ပြင်ဆိုင်သို့ပို့၍ ပြုပြင်ပေးခဲ့ပြီး ပြေလည်မှုရရှိခဲ့သည်။ ဆိုင်ကယ်ပြင်ပေးပြီးနောက် အဆိုပါ SAC စစ်သားသည် မပြန်ခင်အချိန်တွင် (တစ်စုံတစ်ဦးကို) ဖုန်းဖြင့်ဆယ်သွယ်ခဲ့သည်။ ဖုန်းခေါ်ဆိုပြီးနောက် ခဏကြာမှပြန်သွားခဲ့သည်။ (၁၀)မိနစ်ခန့်အကြာတွင် အဆိုပါ SAC စစ်သားသည် စစ်သားယူနီဖောင်းဖြင့် ၎င်း၏အဖော်စစ်သားအချို့နှင့်အတူ စောအ---ဆီသို့ ပြန်လာခဲ့သည်။ (ဆိုင်တွင်ဈေးရောင်းနေသည့် ဈေးသည်တစ်ဦး၏ပြောပြချက်အရ) SAC စစ်သားများသည် စောအ---အား ၎င်းတို့နောက်သို့ ခဏလိုက်ခဲ့ပါဟုပြော၍ အမြောက်တပ် (၃၁၀) တပ်စခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ စောအ--- သည် ဆိုင်ကယ်ပေါ်တွင်တင်ဆောင်ထားသောကုန်ပစ္စည်းများကို အနီးအနားဈေးဆိုင်တွင်ထားခဲ့ပြီး ၎င်းတို့နောက်သို့ လိုက်ပါသွားခဲ့သည်။ ထိုနေ့တွင် မိုးချုပ်သည့်အထိ စောအ---သည် အိမ်မပြန်လာသောကြောင့် ၎င်း၏ဇနီးသည် နီးစပ်ရာတွင်လိုက်စုံစမ်းခဲ့ သည်။ သို့သော်လည်း စောအ---၏သတင်း အစအနကိုမရရှိခဲ့ပေ။<br><br>၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၉ရက်နေ့ မနက်ပိုင်းတွင် စောအ---၏မိခင်သည် သိမ်ဇရပ်မြို့သို့သွား၍ စောအ---အား လိုက်လံရှာဖွေခဲ့သည်။ ထို့နောက် မိခင်ဖြစ်သူသည် စောအ---ဝယ်နေကျကုန်စုံဆိုင်၏ဈေးသည်တစ်ဦးအား အကျိုးအကြောင်းမေးမြန်းရာတွင် သူမ၏သားကို အမြောက်တပ် (၃၁၀) တပ်စခန်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း သိရှိခဲ့ရသည်။ ထို့ကြောင့် သူမသည် အမြောက်တပ် (၃၁၀)တပ်စခန်းသို့ သွား၍မေးမြန်းစုံစမ်းခဲ့သည်။ သို့သော်လည်း စောအ---၏သတင်းအစအနကို မရရှိခဲ့ပေ။ အကြောင်းမှာ (အမြောက်တပ်စခန်းမှ SAC စစ်သားများသည်) ဘာမျှမသိဘူးဟုသာ သူမအား ပြန်လည်ပြောခဲ့ခြင်းဖြစ်သည်။ (ထို့နောက် သူမသည် ရဲစခန်းသို့ သွားရောက်စုံစမ်းခဲ့သည်။)<br><br>(ရဲစခန်းတွင်) စောအ---၏မိခင်သည် သိမ်ဇရပ်ပြည်သူ့ဆေးရုံတွင် ပိုင်ရှင်မဲ့အလောင်းတစ်လောင်းရှိသည်ဟု သတင်းကြားခဲ့ပြီး ဆေးရုံသို့ လိုက်သွားကြည့်ခဲ့သည်။ သူမသည် ဆေးရုံတွင် စောအ---၏အလောင်းကို တွေ့ရှိခဲ့သည်။ စောအ---၏အလောင်းသည် ညိုမဲပြီး ဒဏ်ရာများဖြင့်သေဆုံးနေကြောင်း တွေ့ရှိခဲ့သည်။ စောအ---၏အဝတ်အစားမှာလည်း စုတ်ပြဲနေသည်။ မိခင်ဖြစ်သူမှာ စောအ---၏အလောင်းကို အိမ်သို့ပြန်သယ်လာရန် စီစဉ်နေသည့်အချိန်တွင် သိမ်ဇရပ်ရဲစခန်းမှ စခန်းမှူးသည် စောအ---၏အလောင်းကို ဆေးရုံတွင်သင်္ဂြိုဟ်၍ရကြောင်း သို့မဟုတ် ရွာသို့ပြန်သယ်ယူလိုလျှင်လည်း ပြန်သယ်ယူ၍ရကြောင်း စောအ---၏မိခင်အား အသိပေးပြောပြခဲ့သည်။ |

ထို့နောက် သိမ်ဇရပ်ရဲစခန်းမှ ရဲများကလည်း စောအ---သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အား ထောက်ပံ့ပေးနေသူတစ်ဦးဖြစ်ကြောင်း စွပ်စွဲ၍ပြောကြားခဲ့သည်။ စောအ---သည် သာမန်ရွာသားတစ်ဦးသာဖြစ်ပြီး ကုန်စုံဆိုင်ငယ်လေးတစ်ဆိုင်ဖွင့်၍ စားဝတ်နေရေးအတွက် ရုန်းကန်နေရသူတစ်ဦးဖြစ်သည်။ စောအ---မှာ ကလေးနှစ်ဦးရှိပြီး အငယ်ဆုံးကလေးသည် (၃)လသာရှိသေးသည်။ (အငယ်ဆုံးကလေးသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် (၃)လရှိပြီးဖြစ်သည်။) စောအ--- သေဆုံးသွားခဲ့ပြီးသော်လည်း ၎င်း၏ဇနီးမှာ တတိယမြောက်ကိုယ်ဝန်လွယ်ထားနေရပြီးဖြစ်ကြောင်း စောအ---အနေဖြင့် မသိရှိခဲ့ရပေ။ (တတိယမြောက်ကလေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် မွေးဖွားခဲ့သည်။) SAC ရဲမှူးသည် စောအ---၏သေဆုံးမှုအတွက် နစ်နာကြေးအဖြစ် စောအ---၏မိခင်အား ငွေကျပ် (၂၀၀,၀၀၀) ပေးဆောင်ခဲ့သည်။ မိခင်ဖြစ်သူသည် မယူချင်သော်လည်း တစ်ခုခုဖြစ်မည်ကို စိုးရိမ်ကြောက်သည့်အတွက်ကြောင့် ထိုငွေကျပ် (၂၀၀၀၀၀)အားလက်ခံယူခဲ့ရသည်။ ထိုနေ့တွင် စောအ---၏ရုပ်အလောင်းအား ဆေးရုံတွင်သာ သင်္ဂြိုဟ် ရန် သဘောတူခဲ့သည်။ သိမ်ဇရပ်မြို့မှ ဒေသခံ SAC ရဲမှူးများသည် စောအ---အား ဓါးပြောင်းရွာသားတစ်ဦးဖြစ်ပြီး PDF အား ထောက်ပံ့ပေးသူတစ်ဦးဖြစ်ကြောင်း လုပ်ကြံ၍စွပ်စွဲခဲ့သည်။ (ထိုအတွက်ကြောင့်) သိမ်ဇရပ်ပြည်သူ့ဆေးရုံမှ စောအ---အား (၁) ဓါးပြောင်းရွာသားတစ်ဦးအဖြစ် ဆေးမှတ်တမ်းတွင် ရေးမှတ်ခဲ့သည်။

စောအ---၏မိခင်သည် စောအ--- ကုန်ပစ္စည်းများဝယ်နေကျဆိုင်မှ ဈေးသည်တစ်ဦးအား မေးမြန်းစုံစမ်းရာတွင် (SAC စစ်သားများမှ စောအ---အား ခေါ်ဆောင်သွားသည့်အချိန်တွင်) စောအ---မှာ ဖုန်းတစ်လုံးနှင့် ငွေကျပ် (၆) သိန်း၊ (၇) သိန်းဝန်းကျင်ပါသွားသည်ဟု ထိုဈေးသည်ထံမှ သိရှိခဲ့ရသည်။

ဤဖြစ်စဉ်နှင့်ပတ်သက်၍ စောအ---၏မိခင်သည် ဆေးရုံမှတာဝန်ရှိသူများကို ထပ်ပြီးမေးမြန်းစုံစမ်းရာတွင် ဆေးရုံမှ သူမ၏သားသေဆုံးမှုနှင့်ပတ်သက်သော သေဆုံးမှုထောက်ခံချက်စာရွက်နှင့် ဆေးမှတ်တမ်းများကို သူမအား ထုတ်ပေးခဲ့သည်။ မှတ်တမ်းများအရ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ရက်နေ့ ညအချိန်တွင် စောအ---သည် ဆိုင်ကယ်မှောက်၍ အမည်မသိသည့်လူတစ်ချို့က စောအ---အား ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ရေးမှတ်ထားသည်။ (ဆေးရုံမှ သူနာပြုတစ်ဦးက) စောအ---သည် ဆေးရုံသို့ရောက်ရှိသည့်အချိန်တွင် သေဆုံးနေပြီးဖြစ်ကြောင်း စောအ---၏မိခင်ကို ပြောပြခဲ့သည်။

စောအ---အား သင်္ဂြိုဟ် ပြီးနောက် (၃)ရက်မြောက်နေ့တွင် အမြောက်တပ် (၃၁၀)မှ SAC စစ်သားများသည် စောအ---၏ဆိုင်ကယ်အား ပြန်လိုချင်ပါက တပ်စခန်းသို့လာပြီး ပြန်ယူသွား၍ရကြောင်း စောအ---၏မိခင်ကို အကြောင်းကြားခဲ့သည်။ သို့သော်လည်း စောအ---၏မိခင်သည် သူမ၏သားဆိုင်ကယ်ကို သွားမယူခဲ့ပါ။ အကြောင်းမှာ သားတစ်ဦးအား ဆုံးရှုံးရခြင်းနှင့်ဆိုင်လျှင် ဆိုင်ကယ်သည် ဘာမှမဟုတ်ဟုဆို၍ သွားမယူခဲ့ခြင်းဖြစ်သည်။ (ဆိုင်ကယ်သည် သူမအတွက် အရေးမကြီးကြောင်းဆိုလိုခြင်းဖြစ်သည်။)

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| စောအ---၏မိခင်နှင့်ဇနီးဖြစ်သူတို့သည် ဤသတင်းအချက်အလက်များအား ရေးသားဖြန့်ဝေရန်အတွက် KHRG အား ခွင့်ပြုချက်ပေးထားပါသည်။ |



ဤပုံသည် သိမ်ဇရပ်ပြည်သူ့ဆေးရုံတွင် သေဆုံးနေသော စောအ---၏ရုပ်အလောင်းဖြစ်သည်။ ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့တွင် အမြောက်တပ် (၃၁၀)မှ SAC စစ်သားများသည် စောအ---အား မတရားဖမ်းဆီး၍ သတ်ဖြတ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၉ရက်နေ့တွင် KHRG မှ ဤဓာတ်ပုံကို စောအ---၏မိခင်ထံမှ ရရှိခဲ့သည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။